# MEDICARE နှင့် MEDICAID တို့အကြောင်း သိရှိနားလည်ခြင်း



**Medicare သည် အသက် 65 နှစ်နှင့်အထက် မည်သူမဆိုနှင့် အချို့သော မသန်စွမ်းမှုများ သို့မဟုတ် ကျန်းမာရေးအခြေအနေများရှိသည့် အသက် 65 နှစ်အောက် လူတချို့အတွက် ဖက်ဒရယ် ကျန်းမာရေး အာမခံဖြစ်ပါသည်။ Medicaid သည် ဝင်ငွေနှင့် အထောက်အကူ အရင်းအမြစ်နည်းပါးသည့် လူအချို့အတွက် ကျန်းမာရေး အာမခံဝန်ဆောင်မှုပေးသည့် ဖက်ဒရယ်နှင့် ပြည်နယ် ပူးတွဲပရိုဂရမ်တစ်ခုဖြစ်သည်။**

အချို့လူများသည် အသက်အရွယ် သို့မဟုတ် မသန်စွမ်းမှုကြောင့် Medicare ကို ခံစားခွင့်ရရှိရုံသာမက ၎င်းတို့၏ ပြည်နယ်ရှိ Medicaid ကို ခံစားခွင့်ရရှိရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသောကြောင့် Medicaid အတွက်လည်း သတ်မှတ်ချက်ပြည့်မီပါသည်။
ဤလူများသည် Medicaid နှင့် Medicare နှစ်ခုစလုံးအတွက် သတ်မှတ်ချက်ပြည့်မီသောကြောင့် ၎င်းတို့သည် **"နှစ်ခုတွဲ သတ်မှတ်ချက်ပြည့်မီသူများ"** ဖြစ်ပါသည်။

**Medicare တွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်-**

**အပိုင်း A – အတွင်းလူနာ/ဆေးရုံတက်ရောက်စရိတ် အာမခံ၊** အတွင်းလူနာအတွက် ကျွမ်းကျင် ပြုစုစောင့်ရှောက်ရေးဌာန၊ နာတာရှည် ဆေးရုံနှင့် အိမ်တိုင်ရာရောက် ကျန်းမာရေး ဝန်ဆောင်မှုအချို့

**အပိုင်း B – ပြင်ပ လူနာစောင့်ရှောက်မှု၊** သမားတော် ဝန်ဆောင်မှုများ၊ တာရှည်ခံသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန် ဝန်ဆောင်မှုများ၊ အိမ်တိုင်ရာရောက် ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများစွာ

**အပိုင်း C – Medicare Advantage** သည် အပိုင်း A နှင့် အပိုင်း B ဝန်ဆောင်မှုအားလုံးကို ပံ့ပိုးပေးပါသည်၊ ဆရာဝန်ညွှန်သည့်ဆေးဝါး အာမခံဝန်ဆောင်မှုနှင့် အခြားဖြည့်စွက် အကျိုးခံစားခွင့်များကို လူနာအား ထပ်ဆောင်း ကုန်ကျစရိတ် တောင်းခံ၍ ပံ့ပိုးပေးထားပါသည်

**အပိုင်း D – ဆရာဝန်ညွှန်သည့်ဆေးဝါး အစီအစဉ်များ၊** အတည်ပြုထားသော ပုဂ္ဂလိက အာမခံကုမ္ပဏီများသည် လူနာအား ထပ်ဆောင်း ကုန်ကျစရိတ် တောင်းခံ၍ ပံ့ပိုးထားသည့် ပြင်ပလူနာ ဆရာဝန်ညွှန်သည့်ဆေးဝါး အာမခံဝန်ဆောင်မှုကို စီစဉ်ပေးသည်

**Medicare တွင် အကျုံးဝင်သူများမှာ-**
- အသက် 65 နှစ်နှင့်အထက်ရှိသူများ
- ယခင်မွေးစားစောင့်ရှောက်ခံကလေးများ
- နို့စို့ကလေးများနှင့် အသက် 19 နှစ်အောက် ကလေးများ
- ဝင်ငွေနည်းပါးသော မိဘများ သို့မဟုတ် ပြုစုစောင့်ရှောက်သူဆွေမျိုးများ
- ကိုယ်ဝန်ဆောင်များ
- မသန်စွမ်းသူများ သို့မဟုတ် မျက်စိကွယ်နေသူများ
- မွေးကင်းစကလေးငယ်များ

**Medicare နှင့် Medicaid နှစ်ခုစလုံးသည် အစိုးရက စီမံကြီးကြပ်သည့် ကျန်းမာရေး အာမခံ ပရိုဂရမ်များဖြစ်သော်လည်း ပြည်နယ်တစ်ခုစီ၌ အကျုံးဝင်သော ဝန်ဆောင်မှုများနှင့် ကုန်ကျစရိတ် မျှခံခြင်းတို့တွင် ကွဲပြားမှုများရှိသည်။**

**Medicare နှင့် Medicaid ကုန်ကျစရိတ်များနှင့် အာမခံဝန်ဆောင်မှုတို့နှင့် ပတ်သက်ပြီး ပိုမိုလေ့လာရန် 1-800-MEDICARE သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။**

**Medicaid တွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်-**

- ပြီးပြည့်စုံသော ကျန်းမာရေး စောင့်ရှောက်မှု ပရိုဂရမ် (Comprehensive Health Care Program, CHCP)
- စီမံခန့်ခွဲထားသော အထူးပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ (Managed Specialty Supports and Services)
- သက်ကြီးရွယ်အိုများအတွက် ဘက်စုံစောင့်ရှောက်ရေး ပရိုဂရမ် (Program for All-Inclusive Care for the Elderly, PACE)
- ကလေးငယ်များ သွားကျန်းမာရေး (Healthy Kids Dental)

**Medicaid တွင် အကျုံးဝင်သူများမှာ-**
- ဝင်ငွေနည်းပါးသော မိသားစုများရှိ အသက် 19 နှစ်အောက် ကလေးများ
- ဝင်ငွေနည်းပါးသော ကိုယ်ဝန်ဆောင်များ
- ဝင်ငွေနည်းပါးသော မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူအချို့
- ဖြည့်စွက်ဖူလုံရေးဝင်ငွေ (SSI) ပရိုဂရမ်မှတစ်ဆင့် ငွေသားအကူအညီ လက်ခံရရှိသည့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူအများစု

**MI Health Link သည် Medicare နှင့် Medicaid တို့မှ ကုန်ကျခံပေးသည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ခွင့်ပြုပေးသော Michigan သီးသန့် ပရိုဂရမ်တစ်ခု ဖြစ်သည်။**

ခံစားခွင့်ရရှိရန်အတွက် သင်သည် အောက်ပါတို့နှင့် ကိုက်ညီရမည်-
- Barry၊ Berrien၊ Branch၊ Calhoun၊ Cass၊ Kalamazoo၊ Macomb၊ St. Joseph၊ Van Buren၊ Wayne ကောင်တီများတွင် သို့မဟုတ် Upper Peninsula ရှိ ကောင်တီတစ်ခုခုတွင် နေထိုင်သူဖြစ်ရမည
- အသက် 21 နှစ်နှင့်အထက် ဖြစ်ရမည်
- Medicare ရော၊ Medicaid ကိုပါ အပြည့်အဝ ရရှိထားသူဖြစ်ရမည်
- နာတာရှည်ဆေးရုံတွင် စာရင်းသွင်းထားသူ မဖြစ်ရပါ

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

မေးမြန်းလိုသည်များ ရှိပါသလား။
https://moqc.org/
moqc@moqc.org